ကာယနုပဿနာ နဝသိဝထိကပဗ္ဗ

အဂိညာဏက အသုဘရှုပွားနည်း

၁။ သေပြီး တစ်ရက်လွန် နှစ်ရက်လွန် သုံးရက်လွန်ပြီး သချိုင်း၌ စွန့်ပြစ်အပ်သော ဖူးဖူးရောင်မူလအဆင်းပျက် ညိုမည်လျက်ရှိသော သွေးပြည်ယိုကျနေသော မသာလောင်းကို မြင်ရလျှင် ငါ၏ကိုယ်သည်လည်း ဤမသာလောင်းကိုပင် ဖူးဖူးရောင် မူလအဆင်းပျက် ညိုမဲလျက် သွေးပြည်ယိုကျသော အကောင်ပုပ်ဖြစ်ရအုံးမည်၊ ဤမသာလောင်းကိုပင် ဖူးဖူးရောင် မူလအဆင်းပျက်ညိုမဲလျက် သွေးပြည်ယိုကျခြင်း သဘောကို မလွန်ဆန်နိုင်ဟု ဆင်ခြင်ပွားများရမည်။

၂။ သုသာန်သင်္ချိုင်း၌ စွန့်ပြစ်ထားအပ်သောအကောင်ပုပ်ကို ကျီး စွန် ဋင်းတ ဘုမ္မတီးငှက် ခွေး ကျား ကျားသစ် တောခွေး ပိုးအမျိုးမျိုးတို့ ထိုးဆွကိုက်ခဲနေသည်ကို မြင်ရလျှင် ငါ၏ကိုယ်သည်လည်း ဤအကောင်ပုပ်လိုပင် ကျီး စွန်စသော သတ္တဝါအမျိုးမျိုးတို့ ထိုးဆွကိုက်ခဲခံရမည့် သဘောရှိပေ၏။ ဤအကောင်ပုပ်လိုပင် ကျီး စွန်စသော သတ္တဝါအမျိုးမျိုးတို့ ထိုးဆွကိုက်ခဲခံရမည့် သဘောကို မလွန်ဆန်နိုင်ဟု ဆင်ခြင်ပွားရမည်။

၃။ အသားနှင့်သွေးရှိပြီး အကြောမပြတ်သေးသော အရိုးစုကိုမြင်ရလျှင် ငါ၏ကိုယ်သည်လည်း အသားနှင့်သွေးရှိပြီး အကြောမပြတ်သေးသော အရိုးစုဖြစ်ခြင်း သဘောရှိပေ၏။ အသားနှင့်သွေးရှိပြီး အကြောမပြတ်သေးသော အရိုးစုဖြစ်ရပေဦးမည်။ အသားနှင့်သွေးရှိပြီး အကြောမပြတ်သေးသော အရိုးစုကိုဖြစ်ခြင်းသဘောကို မလွန်ဆန်နိုင်ဟု ဆင်ခြင်ပွားရမည်။

၄။ အသားမကပ် သွေးတို့သာ ပေကျန်နေပြီး အကြောမပြတ်သေးသောအရိုးစုကိုမြင်ရလျှင် ငါ၏ကိုယ်သည်လည်း အသားမကပ် သွေးတို့သာ ပေကျန်နေပြီး အကြောမပြတ်သေးသောအရိုးစုဖြစ်ခြင်းသဘောရှိ၏။ အသားမကပ် သွေးတို့သာ ပေကျန်နေပြီး အကြောမပြတ်သေးသောအရိုးစုဖြစ်ရဦးမည်။ အသားမကပ် သွေးတို့သာ ပေကျန်နေပြီး အကြောမပြတ်သေးသောအရိုးစုဖြစ်ခြင်းသဘောကိုမလွန်ဆန်နိုင်- ဟုဆင်ခြင်ပွားများရသည်။

၅။ အသားနှင့် သွေး လုံးဝမကပ် အကြောမပြတ်သေးသောအရိုးစုကိုမြင်ရလျှင် ငါ၏ကိုယ်သည်လည်း အသားနှင့် သွေး လုံးဝမကပ် အကြောမပြတ်သေးသောအရိုးစုဖြစ်ခြင်းသဘောရှိပေ၏။ အသားနှင့် သွေး လုံးဝမကပ် အကြောမပြတ်သေးသောအရိုးစု ဖြစ်ရဦးမည်။ အသားနှင့် သွေး လုံးဝမကပ် အကြောမပြတ်သေးသောအရိုးစု သဘောကိုမလွန်ဆန်နိုင်-ဟု ဆင်ခြင်ပွားများရသည်။ ။

၆။ ဖရိုဖရဲ ပြန့်ကျဲနေပြီး သီးခြားစီဖြစ်နေသော အရိုးစုတို့ကိုမြင်ရလျှင် ငါ၏ကိုယ်သည်လည်း ဖရိုဖရဲ ပြန့်ကျဲနေပြီး သီးခြားစီဖြစ်နေသော အရိုး ဖြစ်ခြင်း သဘောရှိပေ၏။ ဖရိုဖရဲ ပြန့်ကျဲနေပြီး

သီးခြားစီဖြစ်နေသော အရိုးဖြစ်ရဦးမည်။ ဖရိုဖရဲ ပြန့်ကျဲနေပြီး သီးခြားစီဖြစ်နေသော အရိုး သဘောကိုမလွှန်ဆန်နိုင်-ဟု ဆင်ခြင်ပွားများရသည်။

၇။ ခရုသင်း၏အဆင်းနှင့်တူသော ဖြူဖွေးသော အရိုးစုကိုမြင်ရလျှင် ငါ၏ကိုယ်သည်လည်း ခရုသင်း၏အဆင်းနှင့်တူသော ဖြူဖွေးသော အရိုးစုဖြစ်ခြင်းသဘောရှိပေ၏ ခရုသင်း၏အဆင်းနှင့်တူသော ဖြူဖွေးသောအရိုးစုဖြစ်ရဦးမည်။ ခရုသင်း၏အဆင်းနှင့်တူသော ဖြူဖွေးသော အရိုးစုသဘောကိုမလွှန်ဆန်နိုင်-ဟု ဆင်ခြင်ပွားများရသည်။ ။

၈။ တစ်နှစ်ရှည် ကြာပေါင်းမြင်းနေသော အရိုးစုကိုမြင်ရလျှင် ငါ၏ကိုယ်သည်လည်း တစ်နှစ်ရှည် ကြာပေါင်းမြင်းနေသော အရိုးစုဖြစ်ခြင်းသဘောရှိပေ၏။ တစ်နှစ်ရှည် ကြာပေါင်းမြင်းနေသော အရိုးစုဖြစ်ရဦးမည်။ တစ်နှစ်ရှည် ကြာပေါင်းမြင်းနေသော အရိုးစုသဘောကိုမလွှန်ဆန်နိုင်-ဟု ဆင်ခြင်ပွားများရသည်။ ။

၉။ ဆွေးမြေ့ပြီး အမှုန့်ဖြစ်နေသော အရိုးစုကို မြင်ရလျှင် ငါ၏ကိုယ်သည်လည်း ဆွေးမြေ့ပြီး အမှုန့်ဖြစ်နေသော အရိုးစု ဖြစ်ခြင်းသဘောရှိပေ၏။ ဤသို့ပင် ဆွေးမြေ့ပြီး အမှုန့်ဖြစ်နေသော အရိုးစု ဖြစ်ရဦးမည်။ ဤသို့ပင် ဆွေးမြေ့ပြီး အမှုန့်ဖြစ်နေသော အရိုးစုသဘောကိုမလွှန်ဆန်နိုင်-ဟုဆင်ခြင်ပွားများရသည်။